# အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲနှင့် NLD နှုတ်ထွက်ပွဲ ကျင်းပ

ရန်ကုန် ဇွန်–၁၀

အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲနှင့် NLD အဖွဲ့ဝင်များ နှုတ်ထွက်ပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက်ပိုင်းက ခရမ်းမြို့ ၂ရပ်ကွက် နာရီစင်အနီးရှိ ရွှေနန်းမြင့်စားသောက်ဆိုင်တွင် ကျင်းပခဲ့ရာ အခမ်းအနားကျင်းပရေး သဘာပတိအဖွဲ့ဝင်များ၊ NLD မှ နှုတ်ထွက်သွားကြသည့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ ဂျာနယ်တိုက်အသီးသီးမှ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ခရမ်းမြို့နယ်ရှိ ကျေးရွာနှင့် ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူ နှစ်ရာခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဦးတင်ရီ၊ ဦးတင်ရွှေ၊ ဦးစောဝင်းဘတ်၊ ဦးစောစံဘအောင်တို့မှ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြပြီး၊ သဘာပတိ ဦးတင်ရီက အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာ ရေးဆွဲအတည်ပြုနိုင်ရန် လိုအပ်ကြောင်း၊ NLD သည် အမျိုးသားညီလာခံ စတင်ကျင်းပစဉ်က ပါဝင်တက်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် လွှတ်တော်ခေါ်ယူရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ အာဏာလွှဲရေးတို့ကို တစ်စိုက်မတ်မတ်တောင်းဆိုကာ အမျိုးသားညီလာခံကို ကျောခိုင်း ထွက်ခွာခဲ့ကြောင်း၊ ပြည်သူလူထု စားဝတ်နေရေး ဖူလုံပြည့်စုံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်တည်ဆောက် နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးရေးသည် အဓိကအရေးကြီးကြောင်း၊ ပြည်သူလူထုအားလုံးက ဝိုင်းဝန်း အကောင်အထည်ဖော်သင့်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံရေးအင်အားစု သဘောထားကြေညာချက်ကို ဦးစောစံဘအောင်ကလည်းကောင်း၊ အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစု၏ သဘောထားခံယူချက် ရှင်းလင်းခြင်းကို ဦးထွန်းရွှေကလည်းကောင်း၊ NLD မှ နှုတ်ထွက်ခြင်းနှင့် NLD ၏ နိုင်ငံရေးဦးတည်ချက်များအပေါ် အယုံအကြည် မရှိတော့ကြောင်း ရှင်းလင်းတင်ပြချက်ကို NLD နှုတ်ထွက်ခဲ့ကြသည့် ကျေးလက်အဖွဲ့ဝင် ၇ ဦးကိုယ်စား တမန်ကြီးကျေးရွာမှ ဦးအေးဝင်းတို့က အသီးသီးရှင်းလင်းခဲ့ကြသည်။

အေးဆင့်